ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာန

စာအမှတ်၊ ၂၃၁၁ / ၆-၃၆ / ၂၀၁၉

ရက်စွဲ၊၂၀၁၉ခုနှစ်၊ဖေဖော်ဝါရီလ (၂၇)ရက်

**အကြောင်းအရာ။ Public Consultations ဆွေးနွေးပွဲ ဖိတ်ကြားခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် ၂၀၁၄ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် ဖော်ပြထားသော လူ့ဘဝတစ်သက်တာလုံးကို လွှမ်းခြုံ နိုင်သည့် အဓိက အစီအစဉ်(၈)ခုအနက် တစ်ခုအပါအဝင်ဖြစ်သော ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို လူ့ဘဝအစ ရက်(၁၀၀၀)အတွင်း အာဟာရနှင့်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ပြည့်မီပြီး ဦးနှောက်နှင့် ခန္ဓာကိုယ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား တစ်ဦးတစ်လ လျှင် (၁၅၀၀၀)ကျပ်နှုန်းဖြင့် နှစ်လတစ်ကြိမ် (သို့မဟုတ်)သုံးလတစ်ကြိမ် ထောက်ပံ့လျှက်ရှိပါသည်။

၂။ နိုင်ငံတော်အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို အာဟာရဆိုင်ရာ လိုအပ်ချက်များရှိပြီး၊ ပုညက်မှုနှုန်းမြင့်မားလျက်ရှိသော ချင်းပြည်နယ်တွင် ၂၀၁၇ခုနှစ် ဇွန်လမှ စတင်၍ လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စတင်၍လည်းကောင်း ၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ စတင်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကမ္ဘာ့ဘဏ်၏ချေးငွေ (IDA Fund) ဖြင့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဆိုင်ရာဆန်းစစ်ချက်၊ ရပ်ရွာလူထုပါဝင်မှုအစီအစဉ်မူဘောင်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကျင့်ဝတ်စည်းကမ်းများကို ပြုစုထုတ်ပြန်ထားပြီးဖြစ်ရာ ၎င်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများ၊

INGO၊ NGO များနှင့် လူမှုရေးအသင်းအဖွဲ့များကို ဖိတ်ကြား၍ လူထုဆွေးနွေးညှိနှိုင်းပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော လူကြီးမင်းများအနေဖြင့် တက်ရောက်နိုင်ပါရန်နှင့် အထက်ပါ လူမှုရေးဆိုင်ရာဆန်းစစ်ချက်၊ ရပ်ရွာလူထုပါဝင်မှုအစီအစဉ်မူဘောင်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းကျင့်ဝတ်စည်းကမ်းများအပေါ်တွင် အကြံပြုဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

(က) နေ့ရက် - (၁၃.၃.၂၀၁၉)၊ ဗုဒ္ဓဟူးနေ့

(ခ) အချိန် - နံနက်(၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ၊

(ဂ) နေရာ - မြို့တော်ခန်းမ၊ တောင်ကြီးမြို့။

၄။ လူမှုရေးဆိုင်ရာဆန်းစစ်ချက်(Social Assessment)၊ ရပ်ရွာလူထု ပါဝင်မှုအစီအစဉ်မူဘောင်များ(Community Participation Planning Framework) နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာလုပ်ငန်းကျင့်ဝတ်စည်းကမ်းများ (Environmental Codes of Practices) တို့ကိုပူးတွဲပါ links တွင်ရယူနိုင်ပြီး၊ အကြံပြုချက်များကို ဖော်ပြပါ Email လိပ်စာသို့လည်းကောင်း၊ တက်ရောက်ရန် စိတ်ပါဝင်စားပါက (၈.၃.၂၀၁၉)ရက်နေ့ နောက်ဆုံးထားပြီး ဖော်ပြပါဖုန်းနံပါတ်သို့လည်းကောင်း အမည်စာရင်းပေးပို့နိုင်ပါသည်။

ဒေါက်တာစန်းစန်းအေး

ညွှန်ကြားရေးမှူးချုပ်

**Links**

1. https://www.dsw.gov.mm/sites/default/files/201901/CPPF_Dec%2022_disclosure_1.pdf
2. https://www.dsw.gov.mm/sites/default/files/2019-01/ECOP%20MCCT4N%20Eng_1.pdf
3. https://www.dsw.gov.mm/sites/default/files/2019-01/Social%20Assessment_Dec%2022_Disclosure_1.pdf

**Email Address**www.socialprotection.dsw.gov@gmail.com

0673-404077,0673404078